ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ဓနဖြူမြို့နယ်

လူထုပဟိုပြုစီမံကိန်း (တတိယနှစ်စက်ဝန်း)

National Community Driven Development Project

(NCDDP)



ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

ရုံးချောင်းကျေးရွာ၊ ရုံးချောင်းကျေးရွာအုပ်စု



၂၀၂၀ ခုနှစ် ဓနဖြူမြို့

# မာတိကာ


၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာအုပ်စုမြေပုံ

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာသမိုင်းကြောင်း

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၆.၁။ ကျေးရွာလူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (Social and Resource Map)

၆.၂။ ရာသီကွင်ပြ ပြက္ခဒိန် (Seasonal Calendar)

၆.၃။ ဥစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ချက် (Wealth Ranking)

၆.၄။ ကျား-မ ပင့်ကူအိမ်သုံးသပ်ခြင်း (Spider Diagram)

၆.၅။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Asset Mapping)

၆.၆။ အဖွဲ့အစည်းချိတ်ဆက်မှုဇယား

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာကော်မတီဝင်များစာရင်း

၉။ ကျေးရွာအခြေခံအချက်အလက် ပုံစံ စ-၁(pc-1)

၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား ပုံစံ စ-၂(pc-2)

၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ပုံစံ စ-၃(pc-3)

၁၂။ အစည်းအဝေးမှတ်တမ်းများ

၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ


ဝနဖြူးမြို့နယ်
N
W
E
S
ဝနဖြူးမြို့နယ်
ဝရာဝတီတိုင်းဒေသကြီး
စကေး ၁လက္ခ = ၁မိုင်
ဟင်္သာတမြို့နယ်
ကျိုက်မော်မြို့နယ်
ကျိုက်မော်သို့
ပန်းတနဲမြို့နယ်
ဒလမြို့နယ်
မုံရွာမြို့
မုံရွာတိုင်း
ညောင်တုန်းမြို့နယ်
ညွှန်ပြချက်
၁။တိုင်းနယ်နမိတ်
၂။ခရိုင်နယ်နမိတ်
၃။မြို့နယ်နယ်နမိတ်
၄။ကျေးရွာအုပ်စုနယ်နမိတ်
၅။မြစ်ချောင်း/တူးမြောင်း
၆။ကားလမ်း
၇။ရထားလမ်း

# ကျေးရွာအုပ်စုမြေပုံတည်နေရာ




ဝန်ဖြေမြို့

၂၀၂၀ ခုနှစ်

# ရုံးချောင်းကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု | ကျား | မ | လူဦးရေပေါင်း |
|---|---|---|---|---|---|
| ၁ | ရုံးချောင်း(အောက်စု) | ၅၉ | ၁၁၃ | ၁၂၆ | ၂၃၉ |
| ၂ | သဖန်းကုန်း | ၁၂၃ | ၂၆၄ | ၂၄၆ | ၅၁၀ |
| ၃ | ရုံးချောင်း(ကရင်စု) | ၃၈ | ၇၄ | ၇၄ | ၁၄၈ |
| ၄ | အဘယ | ၅၁ | ၉၈ | ၉၆ | ၁၉၄ |
| ၅ | ငနီမြောက် | ၆၅ | ၁၂၄ | ၁၁၈ | ၂၄၂ |
| ၆ | ရုံးချောင်း | ၂၃၈ | ၄၈၆ | ၄၈၈ | ၉၇၄ |

လူထုဗဟိုပြု စီမံကိန်း

# ကျေးရွာသမိုင်းကြောင်း

ရုံးချောင်းကျေးရွာသည် ဇရာဝတီတိုင်းဒေသကြီး၊ ဓနဖြူမြို့နယ် ဇရာဝတီမြစ် အရှေ့ဘက်ကမ်းတွင်တည်ရှိပါသည်။ ဤဒေသသည်မြန်မာနိုင်ငံ အင်္ဂလိပ်တို့မှ ကျွန်ပြုမသိမ်းပိုက်မီကာလ အတွင်းဇရာဝတီမြစ်ရိုးကြီးအားတာတမံဖို့၍ ကာရံထားခြင်း မရှိသောကြောင့် မိုးဦးကာလတွင် ရေများလွှမ်းမိုးနေပြီး မိုးနှောင်းကာလရောက်မှသာ စိုက်ပျိုးရေးကိုလုပ်ကိုင်စားသောက်ကြသည်။ မြန်မာနိုင်ငံအားအင်္ဂလိပ်တို့သိမ်းပိုက်၍မြန်မာဘုရင်သီပေါမင်းအားအိန္ဒိယသို့ခေါ်ဆောင်သွားပြီး နောက်ပိုင်းမန္တလေးရွှေမြို့တော်မှမင်းမျိုးမင်းနွယ်များသည်ဘေးလွတ်ရာသို့ထွက်ပြေးတိမ်းရှောင်ကြရင်းယခုဒေသသို့ရောက်ရှိနေထိုင်ကြကာစိုက်ပျိုးရေးကိုလုပ်ကိုင်စားသောက်ကြသည်။အင်္ဂလိပ်အစိုးရမှဇရာဝတီမြစ်တစ်လျှောက် တာတမံဖို့လိုက်သောကြောင့် ဒေသသည် စိုက်ပျိုးရေးကိုရာသီမရွေး စိုက်ပျိုးနိုင်ပြီး စားဝတ်နေရေးအဆင်ပြေသော ဒေသတစ်ခုဖြစ်လာခဲ့သည်။ သို့အတွက်ကြောင့်ရေကြည်ရာမြက်နုရာ ရှာဖွေကြသူများသည် ဒေသသို့ထပ်မံရောက်ရှိလာပြီး ရွာငယ်လေးအဖြစ်တည်ရှိနေထိုင်လာကြသည်။ ယခင် တာတမံမဖို့ခင်အခါက ရေစီးအားကြောင့် ပေါ်ပေါက်ခဲ့သောရေစီးကြောင်းသည်တာတမံဖို့လိုက်သောအခါချောင်းမြောင်းအဖြစ်ကျန်ရှိခဲ့သည်။ချောင်းရိုးတလျောက်တွင်လည်းရုံးပင်များပေါက်ရောက်နေသောကြောင့်ချောင်းရိုးကိုအမှီပြု၍ရုံးချောင်းရွာဟုသတ်မှတ်ခေါ်ဆိုခဲ့သည်မှအစပြု၍ယနေ့တိုင်ရုံးချောင်းရွာဟုသတ်မှတ်ခေါ်ဆိုခြင်းဖြစ်သည်။

ပါဝင်ဆွေးနွေးသူ ကျား (၆)ဦး မ(၆)ဦး

လူထုဗဟိုပြု စီမံကိန်း


## ရုံးချောင်းကျေးရွာ၏ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်(PSA/PRA)

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာသမိုင်းကြောင်း<br>(Village History) | 2<br>3.<br>7.<br>2<br>0<br>2<br>0 | ကျေးရွာအကြောင်းကိုသိသောရုပ်မိ၊ရုပ်ဖ (အမျိုးသား၊သမီး)များ ကျေးရွာအုပ်ချုပ်ရေးမှူး | 6 | 6 | 12 | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှန်းများကိုရွာသူရွာသားများနှင့်အတူဆွေးနွေး၍အများသဘောတူဆုံးဖြတ်သတ်မှတ်ခြင်း။ |
| ၂ | ကျေးရွာလူမှုရေး၊ စီးပွားရေး အရင်းမြစ်ပြမြေပုံ<br>(Social and Resource Map) | 2<br>3.<br>7.<br>2<br>0<br>2<br>0 | ကျေးရွာသူ/သားများနှင့် မြေပုံရေးဆွဲတက်သူ ကော်မတီဝင်အချို့နှင့် ကျေးရွာကြောင်းကိုနှံ့နှံ့စပ်စပ်သိသောလူငယ်လေးများ | ၁၂ | ၉ | ၂၁ | ကျေးရွာစီးပွားရေးအရင်းအမြစ်များ၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ သောက်သုံးရေ ရရှိမှု၊ ပညာရေး၊ကျန်းမာရေးလိုအပ်ချက်၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးနိုင်မှုများကိုဆွေးနွေးခြင်း။ |
| ၃ | ရာသီခွင်ပြက္ခဒိန်<br>(Seasonal Calendar) | 2<br>3.<br>7.<br>2<br>0<br>2<br>0 | ကော်မတီဝင်များ(ကျား၊မ)တောင်သူလယ်သမား၊ လက်လုပ်လက်စား၊ ဈေးသည်များနှင့်လယ်လုပ်သားများ (အမျိုးသား၊အမျိုးသမီး) | ၂၀ | ၁၈ | ၃၈ | ကျေးရွာတွင် ရာသီအလိုက် လုပ်ကိုင်ဆောင်ရွက်နေသော အလုပ်အကိုင်များ၊ ဝင်ငွေရရှိမှုများ၊ နှင့် ပွဲတော်ရက်များအကြောင်း ဆွေးနွေးခြင်း |
| ၄ | ချမ်းသာကြွယ်ဝမှု အဆင့်ခွဲခြင်းဥပမာပြဇယား<br>(Wealth Ranking) | 2<br>3.<br>7.<br>2<br>0<br>2<br>0 | ကျေးရွာသူ/သားများနှင့် အုပ်ချုပ်ရေးမှူး၊ ကော်မတီဝင်များ | 5 | 4 | 9 | ကျေးရွာအတွင်းရှိဥစ္စာဓနပိုင်ဆိုင်မှုအား အဆင့်ခွဲခြင်း။ |
| ၅ | အဖွဲ့.အစည်းချိတ်ဆက်ပြမြေပုံ<br>(Venn Diagram) | 2<br>3.<br>7.<br>2<br>0<br>2<br>0 | ကျေးရွာအတွင်းရှိအဖွဲ့.စည်းများ၊ ကျေးရွာသူ၊ကျေးရွာသားများ | 23 | 19 | 41 | ကျေးရွာအတွင်းရှိ လက်ရှိဖွဲ့.စည်းထားသောအဖွဲ့.အစည်းများနှင့် ချိတ်ဆက်ပြီးလုပ်ဆောင်နေပုံအား ဆွေးနွေးခြင်း။ |
| ၆ | ပိုင်ဆိုင်မှုအရင်းအမြစ်<br>(Acess to control over) | 2<br>3.<br>7.<br>2<br>0<br>2<br>0 | ကျေးရွာသူ/သားများ | 20 | 20 | 40 | အမျိုးသားနှင့်အမျိုးသမီးများ ပိုင်ဆိုင်မှုအရင်းအမြစ်များ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၇ | အမျိုးသား၊ အမျိုးသမီးအခြေအနေသုံးသပ် ချက်ပြမြေပုံ (Spider Web) | 23.7.2020 | ကျေးရွာသူ/သားများ | 7 | 9 | 16 | ကျေးရွာအတွင်းရှိ အမျိုးသား၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည်အဝိုင်း၊ ပညာရေး၊ အလုပ်အကိုင်၊ ခေါင်းဆောင်မှု၊ ရပ်ရေးရွာရေးပူးပေါင်းပါဝင်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ အား အမျိုးသား၊အမျိုးသမီး နှိုင်းယှဉ်ဆွေးနွေးခြင်း။ |
| ၈ | ကျေးရွာ၏ (၅) နှစ်စာ ဦးစားပေး ဖွံ့ဖြိုးရေးအစီအစဉ် (Metric Ranking) | 29.7.2020 | ကျေးရွာသူ/သားများ၊ ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ။ | 172 | 55 | 227 | ကျေးရွာအတွက်လိုအပ်သော အဆောက်အဦးပိုင်းဆိုင်ရာနှင့် စီးပွားရေး၊လူမှုရေးနှင့်ကျန်းမာရေး အတွက် လုပ်ဆောင်ချင်သော လုပ်ငန်းများ၊ လုပ်ဆောင်မည့်သူများအား ကြိုတင်ဆွေးနွေးခြင်း။ |
| ၉ | ကျေးရွာအုပ်စု၏ ဖွံ့ဖြိုးရေး အစီအစဉ်ပြဇယား (VTDP) | 11.8.2020 | ကျေးရွာအုပ်စု ကော်မတီဝင်များ၊ | 6 | 6 | 12 | ကျေးရွာအုပ်စုအတွက် ပိုမိုရှိအရေးကြီးသော လုပ်ငန်းများကို ဦးစားပေးအဆင့်သတ်မှတ်ကာ အရင်ဆုံးပြုလုပ်ရန် ဆွေးနွေးခြင်း။ |

လူထုဗဟိုပြု စီမံကိန်း

၁။ဓနုဖြူမြို့နယ်၊ ရုံးချောင်းကျေးရွာအုပ်စု၊ ရုံးချောင်းကျေးရွာ၏ လူမှုရေးအရင်းအမြစ်ပြမြေပုံ




## ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ရုံးချောင်းကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ ရုံးချောင်းအုပ်စုတွင်ပါဝင်တည်ရှိပါသည်။အိမ်ထောင်စု(၂၃၈))စုရှိပြီး၊ အမျိုးသား(၄၈၆))ဦး၊ အမျိုးသမီး(၄၈၈)ဦးနေထိုင်ကြပါသည်။ ကျေးရွာတွင်ဗမာလူမျိုးစုများနေထိုင်ပြီးဗုဒ္ဓဘာကိုးကွယ်ကြပါသည်။ ကျေးရွာ၏အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ လယ်ယာလုပ်ငန်းခြံလုပ်ငန်း၊ ကျပန်းများလုပ်ကိုင်အသက်မွေးကြရသည်။ ရွာ၏အနောက်ဘက်ခြမ်းတွင် ချောင်းရှိပါသည်။ ထိုချောင်းကိုအခြေပြု၍ တံငါလုပ်ငန်းလည်း လုပ်ကိုင်ကြပါသည်။ ရွာတွင် စေတီ၊ ဘုန်းတော်ကြီးကျောင်း၊ အထက်တန်းကျောင်း၊ ဆေးပေးခန်း၊ တံတားတို့ ရှိပါသည်။

## လမ်းပန်းဆက်သွယ်ရေး

ရုံးချောင်းကျေးရွာ၏ ရွာတွင်းလမ်းသည်ကွန်ကရစ်လမ်းဖြစ်သော်လည်း ထိုလမ်းသည် မကောင်းသောကြောင့် အခက်အခဲများစွာရှိပါသည်။ ယခုနှစ်တွင်လူထုဗဟိုပြုစီမံကိန်း (ပထမနှစ်စက်ပန်း)တွင်ရရှိသောရန်ပုံငွေဖြင့်(၂)ပေဘီးလမ်းကိုခင်းကျင်းခဲ့ခြင်းကြောင့်ယခုနှစ်တွင်လမ်းဆက်သွယ်ရေးမှာအဆင်ပြေချောမွေ့ခဲ့ပါသည်။

**သောက်သုံးရေ**

ရုံးချောင်းကျေးရွာတွင်ရေသန့်စက်မရှိပါ။ တွင်းရေနှင့်မိုးရေတို့ကို သောက်သုံးကြရသည်။ သုံးရေလုံလောက်မှုရှိပါသည်။

**ကျန်းမာရေး**

ကျန်းမာရေး နှင့် ပတ်သတ်၍ ရုံးချောင်းကျေးရွာတွင် ကျေးလက်ဆေးပေးခန်း ရှိပါသည်။ ရောဂါကြီးမားပါက ဆကာကြီးသို့လည်းကောင်း၊ အဖျာက်မြို့သို့လည်းကောင်း သွားရောက်ကုသ ကြရသည်။


**အနှစ်ချုပ်**

ရုံးချောင်းကျေးရွာသည် ချမ်းသာသော အိမ်ထောင်စုနည်းပါး၍ နွမ်းပါးသော အိမ်ထောင်စုများပြားပါသည်။ အလုပ်အကိုင်ရှားပါးသောကြောင့် နွမ်းပါးသော အိမ်ထောင်စု များပြားရခြင်းဖြစ်သည်။ တိုးတက်ရန် လိုအပ်သောအချက်မှာ ဒေသရှိ ကုန်ပစ္စည်းများ တင်ပို့ရောင်းချနိုင်ဖြစ်သည်။

ပါဂင်ဆွေးနွေးသူ - ကျား (၁၂) ဦး၊ မ (၉) ဦး

လူထုဗဟိုပြု စီမံကိန်း

## ၂။ ဓနုဖြူမြို့နယ်၊ ရုံးချောင်းကျေးရွာအုပ်စု၊ ရုံးချောင်းကျေးရွာ၏ ရာသီခွင်ပြပြကွဒိန်




### ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း


ရုံးချောင်းကျေးရွာ၏ ရာသီဥတုမှာ နယုန်လတွင် မိုးစတင်၍ရွာပြီး သီတင်းကျွတ်လတွင် မိုးနည်းသွားကြောင်းတွေ့ရှိရသည်။ စိုက်ပျိုးရေးအနေဖြင့် နယုန်၊ ဝါဆိုလများတွင် စပါးစတင် စိုက်ပျိုး၍သီတင်းကျွတ်၊ တန်ဆောင်မုန်းလ များတွင် ရိတ်သိမ်းကြပါသည်။ ထိုလများတွင် ပင်ပဲသီးနှံကို စိုက်ပျိုးကြသည်။ တပို့တွဲ၊ တပေါင်းလများတွင် ပဲများရိတ်သိမ်းကြပါသည်။ ဝင်ငွေရရှိမှုအနေဖြင့် စပါးပေါ်ချိန်၊ ပဲပေါ်ချိန်များတွင်များပြားပြီး မိုးတွင်းကာလများတွင်နည်းပါးပါသည်။ ကျန်းမာရေးအနေဖြင့် ရာသီကူးပြောင်းကာလများတွင် သွေးလွန်တုတ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါများဖြစ်ပွားတတ်ပါသည်။ ပွဲတော်များကို တန်ခူးလသင်္ကြန်ပွဲတော်၊ ကဆုန်လ ညောင်ရေသွန်းပွဲတော်၊ သီတင်းကျွတ်လမီးထွန်းပွဲတော်၊ တန်ဆောင်မုန်းလကထိန်ပွဲတော်များကျင်းပကြပါသည်။ သောက်သုံးရေရရှိမှုတွင် တစ်နှစ်ပတ်လုံးဖူလုံကြောင်း တွေ့ရသည်။ သဘာဝဘေးအန္တရာယ် အနေဖြင့် ဝါဆို၊ ဝါခေါင်လများတွင် တခါတရံရေကြီးတတ်သည်။

### အနှစ်ချုပ်

ဤဒေသအနေဖြင့်နတ်တော်၊ ပြာသိုလများတွင် အများအားဖြင့် အလုပ်အကိုင်ပါးကြောင်းတွေ့ရှိရသည်။ဒေသ အလုပ်အကိုင်ပုံမှန်မရှိသည့်အတွက် အခြားဒေသသို့ သွားရောက်အလုပ်လုပ်ကြရသည်။ ထို့ပြင် အလုပ်ကြိုပေးငွေယူခြင်း၊ ငွေတိုးယူရခြင်းများရှိသည်။

ပါဂင်ဆွေးနွေးသူ - ကျား (၂၀) ဦး၊ မ (၁၈) ဦး

၃။ ဓနဖြူမြို့နယ်၊ ရုံးချောင်းအုပ်စု၊ ရုံးချောင်းကျေးရွာ၏ ဥစ္စာဓနကြွယ်ဝမှုဇယား



ဥစ္စာဓန ကြွယ်ဝမှု ဇယား ရုံးချောင်း အုပ်စု

နေ့စွဲ - ၂၇.၇.၂၀၂၀ ရုံးချောင်း ကျေ.ကွာ

| အာမျိုးအစား | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာသော အုပ်စု | တိုက်အိမ်၊ သစ်အိမ်၊ လယ်ဧက (၁၀)၊ ကား၊ လယ်ထွန်စက်၊ ဂွန်ဒေါင်း၊ ခက်တပ်ဖုန်း၊ နို့ဆီကြေး TV၊ စက်ဆိုင်ကယ်စသဖြင့် | ၁၂ | ၅% |
| အလယ်အလတ် အုပ်စု | သွပ်မိုး ပျဉ်ထောင်၊ လယ် (၁၀) ဧကမှ ၃၀ ဂွန်ဒေါင်း လက်တွန်း ထွန်စက်၊ TV၊ စက်ဆိုင်ကယ်၊ အဆက်တန်း ကျောင်း သား | ၅၇ | ၂၄% |
| နွမ်းပါးသော အုပ်စု | ဝါးအိမ်၊ ဝါးအိမ်သွပ်မိုး၊ လယ်မိုးမရှိ၊ ရေစက်ကျပန်း၊ ငွေးမြီတို၊ အလှူခံကိုင်မရှိ၊ ကလေးများ၊ ဝင်ကဲ့တို | ၁၆၉ | ၇၁% |
| | စုစုပေါင်း | ၂၃၈ | ၁၀၀% |

ပါဝင်ဆွေးနွေးသူ - ကျား (၅) ဦး မ (၂၂) ဦး


**ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း**

ရုံးချောင်းကျေးရွာတွင် ချမ်းသာသောအုပ်စု၊ အလယ်အလတ်အုပ်စု၊ နွမ်းပါးသောအုပ်စု ဟူ ၍(၃)မျိုးရှိပါသည်။ ချမ်းသာသောအုပ်စုသည် တိုက်အိမ်များ၊ သွပ်မိုးပျဉ်ထောင်အိမ်များဖြင့် နေထိုင်ကြပြီး လယ်ဧက(၅၀)နှင့်(၃၀)အထက် ကိုလုပ်ကိုင် စားသောက်ကြသည်။ ထော်လာဂျီ၊ လယ်ယာသုံးစက်၊ ထွန်စက်၊ခြွေလှေ့ တို့ကို ပိုင်ဆိုင်ကြသည်။ အလယ်အလတ်အုပ်စုသည် သွပ်မိုးပျဉ်ထောင် အိမ်များဖြင့် နေထိုင်ကြပြီး လယ်ဧကမှာ(၁၀)ဧကအောက်၊ လယ်ယာသုံးပစ္စည်း၊ နွားလှည်းများကိုပိုင်ဆိုင်ပြီး လုပ်ကိုင်စားသောက်ကြသည်။ နွမ်းပါးသောအုပ်စုသည် ဝါးအိမ်၊ သွပ်မိုးထရံကာများဖြင့် နေထိုင်ကြပြီး နေ့စားအလုပ်ကို လုပ်ကိုင်ကြသည်။ ကလေးများသောကြောင့်အလုပ်အကိုင်အခွင့်အလမ်းနည်းသဖြင့် အကြွေးများဖြင့် သံသရာလည်နေကြသည်။ အချို့မှာနိုင်ငံခြားသို့သွားရောက်အလုပ်လုပ်ကြရသည်။

**အနှစ်ချုပ်**

နွမ်းပါးရခြင်း၏ အဓိကအကြောင်းအရင်းမှာ အလုပ်အကိုင်ရှားပါးခြင်းကြောင့် လည်းကောင်း၊ လမ်းမကောင်းသောကြောင့် ဒေသထွက်ကုန်များဈေးနှိမ်ခံရသောကြောင့် ဖြစ်သည်။ နွမ်းပါးသောအိမ်ထောင်စုများအား အလုပ်အကိုင်အခွင့်အလမ်းများ ပေးခြင်းဖြင့် ဝင်ငွေများ တိုးပွားလာစေမည်ဖြစ်သည်။

ပါဝင်ဆွေးနွေးသူ - ကျား ( ၆) ဦး၊ မ (၂၂) ဦး



## ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ငနီမြောက်ကျေးရွာရှိအမျိုးသမီးများသည်ဝင်ငွေရရှိမှု၊အလုပ်အကိုင်အခွင့်အလမ်း၊စီးပွားရေးဦးဆောင်နိုင်မှု၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်နှင့် အဖွဲ့အစည်းတွင် ပါဝင်နိုင်ခွင့်တို့တွင် လျော့နည်းကြောင်းတွေ့ရှိရသည်။ အလုပ်အကိုင်အခွင့်အလမ်း ရရှိမှုတွင် အမျိုးသားများက ပိုမိုလုပ်ကိုင်ရခြင်း၊ အလုပ်လုပ်ကိုင်ရာတွင်လည်း အမျိုးသားများကလုပ်အားခ ပိုမိုရရှိခြင်းကြောင့်ဖြစ်သည်။ အဖွဲ့အစည်းတွင် ပါဝင်နိုင်မှုတွင် အားနည်းရခြင်းမှာ ရှေးယခင်ကပင် အမျိုးသားများ အဆက်ဆက်ကသာ လုပ်ကိုင်ကြသဖြင့်အစဉ်အလာအတိုင်းဖြစ်နေရခြင်းဖြစ်သည်။ ထို့ကြောင့်အမျိုးသမီးအခွင့်အရေးနည်းရခြင်းဖြစ်သည်။ယခုနှစ်တွင်မူလူထုဗဟိုပြုစီမံကိန်းကြောင့်အမျိုးသမီးများမှာအလုပ်အကိုင်အခွင့်အလမ်းတိုးပွားလာခြင်း၊အဖွဲ့အစည်းများတွင်ပါဝင်ခွင့်ရခြင်း၊ဝင်ငွေရရှိမှု၊ဆုံးဖြတ်ချက်ချပိုင်ခွင့်စသည်တို့တွင်ရာခိုင်နှုန်းတိုးလာရခြင်းမှာလူထုဗဟိုပြုစီမံကိန်းတွင်ဝင်ရောက်လုပ်ကိုင်ရခြင်းကြောင့်တိုးလာရခြင်းဖြစ်ပါသည်။


အနှစ်ချုပ်

အမျိုးသမီးများသည် အမျိုးသားများနှင့်ယှဉ်လိုက်လျှင် အဖက်ဖက်က အားနည်းရခြင်းမှာ အမျိုးသမီးများသည် အလုပ်မလုပ်၍ မဟုတ်ပဲ ဝင်ငွေမရသော အလုပ်များနှင့်သာ အချိန်ကုန်နေရသောကြောင့်ဖြစ်သည်။ သားသမီးတာဝန်၊ အိမ်မှုကိစ္စတာဝန်များနှင့်အချိန်ပြည့် အလုပ်လုပ်နေကြရသည်။အမျိုးသားများ အနေဖြင့် လက်တွဲခေါ်ယူမည်ဆိုပါက ဝင်ငွေရသောအလုပ်များကို အမျိုးသမီးများလုပ်ကိုင်နိုင်ကြပါမည်

ပါဂင်ဆွေးနွေးသူ - ကျား (၇) ဦး၊ မ (၉) ဦး

လူထုဗဟိုပြု စီမံကိန်း

## ၅။ ဓနဖြူမြို့နယ်၊ ရုံးချောင်းကျေးရွာအုပ်စု၊ ရုံးချောင်းကျေးရွာ၏ အရင်းအမြစ်ထိန်းချုပ်မှုပုံစံ



### ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ငနီ(မြောက်)ကျေးရွာတွင်အမျိုးသမီးများသုံးစွဲသောအရင်းအမြစ်များမှာအပ်ချုပ်စက်ဖြစ်ပြီး ထိန်းချုပ်သူမှာအမျိုးသားများဖြစ်သည်။ အမျိုးသားများ သုံးစွဲသောအရင်းအမြစ်များမှာ၊ လယ်ယာသုံးစက်နှင့်နွားတို့ဖြစ်ပြီးထိန်းချုပ်သူမှာအမျိုးသားများကိုယ်တိုင်ဖြစ်ကြသည်။အမျိုးသား၊အမျိုးသမီးသုံးစွဲသောအရင်းအမြစ်များမှာလယ်၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း သောက်ရေကန်တို့ဖြစ်ကြပြီးထိန်းချုပ်သူများမှာ အမျိုးသားများသာဖြစ်ကြသည်။ အရင်းအမြစ်များကို အမျိုးသားများ ကသာထိန်းချုပ်ထားပြီး အမျိုးသမီများကထိန်းချုပ်ထားခြင်း မတွေ့ရပါ။ ထို့ကြောင့် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူအခွင့်အရေးမရရှိကြောင်းတွေ့ရသည်။

### အနှစ်ချုပ်

အရင်းအမြစ်များကို ထိန်းချုပ်ရာတွင် အတူတကွထိန်းချုပ်ပြီး သုံးစွဲရာတွင်လည်း အတူတကွ သုံးစွဲကြမည်ဆိုပါက အခွင့်အရေးသာတူညီမျှ ရှိမည်ဖြစ်ကြောင်းနှင့် အမျိုးသမီးများ၏ စိတ်ဓါတ်များအား မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးရရှိပါသည်။

ပါဂင်ဆွေးနွေးသူ - ကျား (၂၀) ဦး၊ မ (၂၀) ဦး




**ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း**

ရုံးချောင်းကျေးရွာတွင်ရှိသောအဖွဲ့အစည်းများမှာကျေးရွာအုပ်ချုပ်ရေးမူးအဖွဲ့၊စိုက်ထွေသမအဖွဲ့၊ မွေးထွေသမအဖွဲ့၊ ပတ်မြန်မာ၊ စိုက်ဘဏ်အဖွဲ့ တို့ဖြစ်ကြသည်။ ကျေးရွာအုပ်ချုပ်ရေးမူးအဖွဲ့သည်မြို့နယ်ထွေအုပ်နှင့် ချိတ်ဆက်၍ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ပါသည်။ စိုက်ထွေသမအဖွဲ့၊ မွေးထွေသမအဖွဲ့များသည် ကျေးရွာကို ငွေကြေးအရင်းအနှီးများ ထုတ်ချေး၍ စီးပွားရေးဖွံ့ဖြိုး တိုးတတ်အောင်လုပ်ကိုင် ဆောင်ရွက်ပါသည်။ မြို့နယ်သမဝါယမအဖွဲ့နှင့်ချိတ်ဆက်ဆောင်ရွက်ပါသည်။ လယ်ယာစိုက်ပျိုးရေးဘဏ်သည် တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ထုတ်ချေးလျက်စီးပွားရေးဖွံ့ဖြိုး တိုးတတ်အောင်ချိတ်ဆက် ဆောင်ရွက်ပါသည်။ ပတ်မြန်မာအဖွဲ့သည် အမျိုးသမီးများအား ငွေစုငွေချေးလုပ်ငန်းများဖြင့် လုပ်ကိုင်ပေးလျက်ရှိသည်။ မြို့နယ်UNDPနှင့် ချိတ်ဆက်ပါသည်။ ကျေးရွာရှိပြည်သူများသည် ပြဿနာများဖြစ်ပေါ်လာပါက မြို့နယ်ရှိရဲစခန်းနှင့်ချိတ်ဆက်ဆောင်ရွက်ကြပါသည်။ယခုနှစ်တွင်လူထုဗဟိုပြုစီမံကိန်းကော်မတီဝင်တိုးလာပြီးကျေးရွာကော်မတီဝင်များသည်မြို့နယ်ရှိကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လူထုဗဟိုပြုစီမံကိန်းရုံးနှင့်ချိတ်ဆက်ဆောင်ရွက်ရပါသည်။

**အနှစ်ချုပ်**

ရုံးချောင်းကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများသည် အရေးအကြောင်းဖြစ်ပေါ်လာပါကမြို့နယ်ရှိ ဌာနဆိုင်ရာအသီးသီး ချိတ်ဆက်ဆောင်ရွက်ကြောင်းတွေ့ရှိရသည်။ ကျေးရွာဖွံ့ဖြိုးတိုးတတ်ရေး လုပ်ငန်းများကိုလုပ်ဆောင်ရာတွင် တစ်ရွာလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက် ကြသည်။

ပါဝင်ဆွေးနွေးသူ - ကျား (၂၃) ဦး၊ မ (၁၉) ဦး

လူထုဗဟိုပြု စီမံကိန်း

ရုံးချောင်းကျေးရွာအုပ်စု၊ ရုံးချောင်းကျေးရွာ ၊ အစည်းအဝေးကျင်းပနေပုံ





## ရုံးချောင်းကျေးရွာ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | ကျား | မ | ရာထူး/တာဝန် |
|---|---|---|---|---|
| ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ | | | | |
| ၁။ | ဦးနိုင်ဇင်း | ✓ | | ဥက္ကဋ္ဌ |
| ၂။ | ဒေါ်ခင်သန္တာအေး | | ✓ | ဥက္ကဋ္ဌ |
| ဝယ်ယူရေးဆပ်ကော်မတီ | | | | |
| ၁။ | ဦးမျိုးသန်း | ✓ | | ခေါင်းဆောင် |
| ၂။ | ဦးကြည်ဆွေ | ✓ | | မှတ်တမ်းထိန်း |
| ၃။ | ဒေါ်မာလာလင်း | | ✓ | အဖွဲ့ဝင် |
| ကျေးရွာငွေစုရင်းကိုင် | | | | |
| ၁။ | ဒေါ်စန်းစန်းဇင်း | | ✓ | တာဝန်ခံ |
| စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | | | | |
| ၁။ | ဦးတင့်ဆွေ | ✓ | | ခေါင်ဆောင် |
| ၂။ | ဦးခင်မောင်သန်း | ✓ | | အဖွဲ့ဝင် |
| ၃။ | ဒေါ်ရင်အေးငြိမ်း | | ✓ | အဖွဲ့ဝင် |
| လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ | | | | |
| ၁။ | ဒေါ်ကေသီဇင်း | | √ | ခေါင်းဆောင် |
| ၂။ | ဦးမင်းကြည် | √ | | အဖွဲ့ဝင် |
| ၃။ | ဒေါ်ချိုချိုလွင် | | ✓ | အဖွဲ့ဝင် |
| ဝေဖန်အကဲပြုတိုင်ကြားရေးတာဝန်ခံ | | | | |
| ၁။ | ဦးတိုးငြိမ်း | ✓ | | တာဝန်ခံ |
| ၂။ | ဒေါ်ဌေးဌေးဇင်း | | ✓ | တာဝန်ခံ |
| ကျေးရွာစေတနာ့ဝန်ထမ်း | | | | |
| ၁။ | ဦးအောင်သက်လင်း | ✓ | | အကူ |
| ၂။ | ဒေါ်ဌေးဇင်း | | ✓ | အကူ |

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်စရိုးသွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအားကျေးရွာအချက်အလက်များကိုမေတ္တာရပ်ခံ၍တောင်းခံရသည်။ ဤ။ဤအချက်အလက်များကိုစိမ်ကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။စိမ်ကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| | | | |
|---|---|---|---|
| ကျေးရွာခေါင်းဆောင် အမည်<br>ခိုးကိုးလွင် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ်<br>09.977215279 | လူထုစည်းရုံးရေးမှူး၏အမည်<br>ခိုးမောင်မြတ်ဦင် | |
| မြို့နယ်၊တိုင်းဒေသကြီး<br>ရော၀တီ | မြို့နယ်<br>စဉ့်ဖြူ | ကျေးရွာအုပ်စု<br>ငုံးချောင်း | ကျေးရွာ<br>ငုံးချောင်း |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁)-ကရင် | ၂၃၈ | ဘာသာ(၁)---ဗုဒ္ဓ | ၂၃၈ |
| လူမျိုးစု (၂)---------- | | ဘာသာ(၂)---------- | |
| လူမျိုးစု (၃)---------- | | ဘာသာ(၃)---------- | |
| လူမျိုးစုရော---------- | | ဘာသာရော---------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၃၃ | | |
| စစ်ဘေးရှောင် | ၀ | | |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီး(အရေအတွက်) | စုစုပေါင်းအရေအတွက် |
|---|---|---|---|
| လူဦးရေ | | | |
| လူမျိုးစု (၁)-မြန်မာ | ၄၈၆ | ၄၈၁ | ၉၇၄ |
| လူမျိုးစု (၂)---------- | | | |
| လူမျိုးစု (၃)---------- | | | |
| အခြား | | | |
| အိမ်ထောင်စုစီး | ၁၈၁ | ၅၇ | ၂၃၈ |

(၅)အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေးအဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☑ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☑ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(၈)ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂)ကျန်းမားရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ ✓ | ☐ ✓ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ ✓ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ ✓ | ☐ ✓ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ ✓ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ ✓ | ☐ ✓ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ ✓ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ ✓ | ☐ | ရေပိုက်သွယ်သူ | ☐ ✓ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ ✓ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ(အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း

ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား _____

(ဇ) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဝင်ပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအာဏာပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(၈) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ပဟိုမှ၎င်းကျေးရွာအုပ်စု၏ပဟိုအထိခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုပဟိုအထိသွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်----------ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/

အခြား ----------

မိုးရာသီတွင်ကြာချိန်----------ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/

အခြား ----------

**(၈၁) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ရှိပါသည် □ ရှိပါသည် ရှိလျှင်ဖေါ်ပြပါ----------

**(၈) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမဟိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့)ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ----------မရှိပါ----------

(၂) ----------မရှိပါ----------

**(၈၂) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

□မရှိပါ ☑ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ခိုင်ရိုင်းလွင်

လက်မှတ် နေ့စွဲ 23.7.2020

လူထုစည်းရုံးရေးမှူး အမည် ခိုင်ရောင်မြတ်ခိုင်

လက်မှတ် နေ့စွဲ 23.7.2020

ပုံစံ - စ-၂ - စီမံကိန်းစက်ပန်းအချိန်ဇယား (PC 2)

| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာမှူးများမှစီမံကိန်းစက်ပန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့်ကျေးရွာအုပ်စုအတွက်ဤပုံစံကိုဖြည့်သွင်းရမည်။ | | | |
|---|---|---|---|
| စည်းရုံးရေးမှူး/လက်ထောက်နည်းပညာရေးမှူးပန်းထိမ်း အမည် - ဦး မောင်မြင့်ခိုင် | | | |
| ရက်စွဲ ၂၃.၇.၂၀၂၀ | | စက်ပန်းအားအမှတ်ခြစ်ပါ ☐ စက်ပန်း(၁) ☐ စက်ပန်း(၂) ☑ စက်ပန်း(၃) ☐ စက်ပန်း (၄) | |
| မြည်နမ်းတိုင်း ဧရာဝတီ | မြို့နယ် ဓနုဖြူ | ကျေးရွာအုပ်စု ရုံးချောင်း | ကျေးရွာ ရုံးချောင်း |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | ရက်စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | |
|---|---|---|---|---|---|---|---|---|
| | စတင်သည့် ရက် | ပြီးဆုံးသည့် ရက် | အမျိုးသား အရေ အတွက် | အမျိုးသမီး အရေ အတွက် | အိမ် ထောင်စုအရေ အတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | အိမ် ထောင်စုဝင် ပါဝင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၃.၇.၂၀၂၀ | ၂၃.၇.၂၀၂၀ | ၅ | ၄ | ၉ | ၉ ၊ ဗမာ | ၂၃၈ | ၃.၇၈% |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၉.၇.၂၀၂၀ | ၂၉.၇.၂၀၂၀ | ၁၇၂ | ၅၅ | ၂၂၇ | ၂၂၇ ၊ ဗမာ | ၂၃၈ | ၉၅.၃၈% |
| ၃။ ကျေးရွာအုပ်စုလုပ်ငန်းဆုံးဖြတ်ချက်ချသည့်အစ အစည်းအဝေး | ၃၉-၈-၂၀၂၀ | ၃၉-၈-၂၀၂၀ | ၆ | ၆ | ၁၂ | ၁၂ ၊ ဗမာ | ၂၃၈ | |
| ၄။ မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေးနှင့်အဝ အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှုအစည်းအဝေး | | | မလို | မလို | မလို | မလို | | |
| ၅။ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့်အကောင်အ ထည်ဖော်ရေးကော်မီတီ၏ဆုံးဖြတ်မှုကိုရွာသို့အ | | | | | | | | |

ပုံစံ - ၈ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်- အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ပန်ထမ်း အမည် |
| နေ့စွဲ — စက်ပန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ပန်း(၁) ☐ စက်ပန်း(၂) ☐ စက်ပန်း(၃) ☐ စက်ပန်း(၄) |
| မြည်နယ်/တိုင်း ရောဝတီ — မြို့နယ် ဓနဖြူ — ကျေးရွာအုပ်စု ပျံး ဇ ခုပ ဂ် — ကျေးရွာ ပျံး ဇ ခုကွ ဂ် |

က။ အခက်အခဲအတားအဆီးများအားဖွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖေါ်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ဦးတွင်း လမ် : မကောင်း သဖြင့် ကျေးရွာ သား/သူ များ သွား လာရာတွင် အဆင်မ ပြေလျှော်ခဲ့ပါ။ | ၁ | ဦးတွင်း လမ်း မကောင်း သဖြင့် ကျေးရွာသား သူ များ သွား လာရာတွင် အဆင် မပြေလျှော်ခဲ့ပါ။ |
| ၂ | ကျေးရွာ သား/သူများ ကျောင်း တက်ရာ တွင် ၅ ရွာ ၁ ရွာ ခရီးခဲ့ရာ သွား လာ ရခြင်း။ | ၂ | ကျေးရွာ သား/သူများ ကျောင်းကန်တွင် ၅ ရွာ ၁ ရွာ ခရီးခဲ့ရာ သွား လာရခြင်း။ |
| ၃ | ရွာသူ/သား များ ယာ ဈေးကွက်ရှိရာ ပို့ ဆောင်ရာတွင် အဆင် မပြေလျှော်ခဲ့ပါ။ | ၃ | ရွာသူ/သား များ ဒေသ ဈေးကွက်ရှိရာ ပို့ ဆောင်ရာတွင် အဆင် မပြေလျှော်ခဲ့ပါ။ |
| ၄ | မိုးရာသီ ရွာမှ အရှေ့ ရွာသို့ သွား လာ ရာတွင် အဆင် မပြေခဲ့ပါ။ | ၄ | မြို့မိုးရာသီ ရွာမှ အရှေ့ ရွာသို့ သွား လာရာတွင် အဆင် မပြေလျှော်ခဲ့ပါ။ |
| ၅ | မသန် ရှင်း သောရေ မျှ၊ သောက်သုံး ဖြစ် ဖြစ် ကျွန် များရေ၊ တိုက်ကျိုးခဲ့ပါ။ | ၅ | မသန် ရှင်း သောရေ မျှ၊ သောက်သုံး ဖြစ် ဖြစ် ကျွန် များရေ၊ သိုက်ကျိုးခဲ့ပါ။ |
| ၆ | | ၆ | |
| ၇ | | ၇ | |
| ၈ | | ၈ | |

ဓနဖြူမြို့ ၂၀၂၂ခုနှစ်

၈။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ရွာတွင်းကွန်ကရစ်လမ်း ရှိပါက ကျောင်းတက်ရာတွင် လွယ်ကူချောမွေ့နိုင်ခြင်း။ | ၁ | ရွာတွင်းကွန်ကရစ်လမ်း ရှိပါက ကျောင်းသား၊သူ တက်ရောက်ရာတွင်လွယ်ကူချောမွေ့နိုင်ခြင်း |
| ၂ | ရွာတွင်းကွန်ကရစ်လမ်း ရှိပါက ကျောင်းတက်ရာတွင် အဆင်ပြေနိုင်ခြင်း။ | ၂ | ရွာတွင်းကွန်ကရစ်လမ်း ရှိပါက ကျောင်းတက်ရာတွင် အဆင်ပြေနိုင်ခြင်း။ |
| ၃ | ရွာသူ၊သားများ ဒေသထွက်ကုန်ပို့ဆောင်ရာတွင် အဆင်ပြေလွယ်ကူချောမွေ့နိုင်ခြင်း။ | ၃ | ရွာသူ၊သားများ ဒေသထွက်ကုန် ပို့ဆောင်ရာတွင် အဆင်ပြေလွယ်ကူချောမွေ့နိုင်ခြင်း။ |
| ၄ | ချောင်းကူးတံတား ရှိပါက မိမိရွာမှ အခြားရွာသို့ သွားလာရာတွင်အဆင်ပြေလွယ်ကူနိုင်ခြင်း။ | ၄ | ချောင်းကူးတံတား ရှိပါက မိမိရွာမှ အခြားရွာသို့ သွားလာရာတွင် အဆင်ပြေလွယ်ကူနိုင်ခြင်း |
| ၅ | ရေသန့်စက် ရှိပါက သောက်ရေအတွက် အဆင်ပြေနိုင်ခြင်း။ | ၅ | ရေသန့်စက်ရှိပါက သောက်ရေအတွက်အဆင်ပြေနိုင်ခြင်း |
| ၆ | | ၆ | |
| ၇ | | ၇ | |
| ၈ | | ၈ | |

၈။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျိုးပင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ကျေးရွာစည်းကွင်းကရစ်လမ်း | ကျား + မ | | |
| ၂ | ကျေးရွာစည်းကွင်းကရစ်လမ်း | ကျား + မ | | |
| ၃ | ကျေးရွာစည်းကွင်းကရစ်လမ်း | ကျား + မ | | |
| ၄ | ရေချိုးကန်ဝိုင်းစာ | ကျား + မ | | |
| ၅ | ရေဝေါ်စက် | ကျား + မ | | |
| ၆ | မြို့သစ်ရေကန် | ကျား + မ | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျိုးမပင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၀ | | | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ဖော်ပြပါ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည် မြို့မဉ္ဇီးသစ်ကျိုင် လက်မှတ် ..... နေ့စွဲ ၂၈.၁၁.၂၀၂၂

| ကဏ္ဍာ | ဦးစားပေး အဆင့် | လုပ်ငန်းအမျိုးအစား | အဆိုပြုသူ(အမှန်ခြစ်ရန်) | | |
|---|---|---|---|---|---|
| | | | ကျား | မ | ကျား+မ |
| [illegible] | ၁ | ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | | | √ |
| | ၂ | ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | | | √ |
| | ၃ | ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | | | √ |
| | ၄ | ချောင်းကူးတံတားတည်ဆောက်ခြင်း | | | √ |
| | ၅ | ရေသန့်စက်တည်ဆောက်ခြင်း | | | √ |
| [illegible] | ၁ | | | | |
| | ၂ | | | | |
| | ၃ | | | | |
| | ၄ | | | | |
| | ၅ | | | | |
| [illegible] | ၁ | | | | |
| | ၂ | | | | |
| | ၃ | | | | |
| | ၄ | | | | |
| | ၅ | | | | |
| [illegible] | ၁ | | | | |
| | ၂ | | | | |
| | ၃ | | | | |
| | ၄ | | | | |
| | ၅ | | | | |
| [illegible] | ၁ | | | | |
| | ၂ | | | | |
| | ၃ | | | | |
| | ၄ | | | | |
| | ၅ | | | | |